# အင်းပေါခုံတောင်ကျေးရွာ
# အင်းပေါခုံကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်

## ၂၀၂၅ - ၂၀၂၆ ခု ဘဏ္ဍာရေးနှစ်
## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

အင်းပေါခုံတောင်ကျေးရွာ၊ အင်းပေါခုံကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

# ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ
## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | ကျေးရွာ သယံဇာတပြမြေပုံ၊ | ၄ |
| | ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ | ၅ |
| | ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊ | ၆ |
| | | |
| | အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၇ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၇ |
| ၃။ | လူဦးရေဆိုင်ရာ အချက်အလက်များ | ၇ |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၇ |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံ စိုက်ပျိုးရေးဇယား | ၇-၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၆။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၇။ | ပညာရေး | ၉ |
| ၈။ | ကျန်းမာရေး | ၉-၁၀ |
| ၉။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| ၁၀။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၀ |
| ၁၁။ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး | ၁၀ |
| ၁၂။ | ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး | ၁၀ |
| ၁၃။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၁ |
| | အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၂-၁၃ |

| | | |
|---|---|---|
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅-၅၃ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၄-၅၆ |


## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၉-၂၀၃၀ ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံ သာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံ သာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး

ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**အင်းပေါခုံတောင်ကျေးရွာ သယံဇာတပြမြေပုံ၊ ညောင်ရွှေမြို့နယ်**



**အင်းပေါ်ခုံတောင်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ ညောင်ရွှေမြို့နယ်**



## အင်းပေါ်ခုံတောင်ကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ၊  ညောင်ရွှေမြို့နယ်



# အပိုင်း (က)
# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

အင်းပေါခုံတောင်ကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ် အင်းပေါခုံကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ညောင်ရွှေမြို့၏ တောင်ဘက်(၁၃)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် ဘီးလူးချောင်းနှင့် မြောက်ဘက်တွင် အင်းပေါခုံရှေ့ကျေးရွာနှင့် အင်းပေါခုံလယ်ကျေးရွာ၊ တောင်ဘက်တွင် တောင်ပို့နီကျေးရွာနှင့်စိုက်ခင်းများ၊ အနောက်ဘက်တွင် လယ်ကွင်းများတို့နှင့် ထိစပ်၍ တည်ရှိနေပါသည်။ကျေးရွာတွင် အင်းသားလူမျိုးများ နေထိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

အင်းပေါခုံတောင်ကျေးရွာ၏ ရာသီဥတုမှာ အေးမြစွတ်စိုသော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၁၃)ဧကနှင့် ကျွန်းမျှော(၃)ဧက စုစုပေါင်း စိုက်ပျိုးဧက(၁၆)ဧက ရှိပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသဖြင့် ဓါတ်မြေဩဇာအသင့်အတင့်သာ သုံးစွဲ၍ စိုက်ပျိုးနိုင်ပါသည်။ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ၊ သဘာဝအပင်မျိုးစိတ်များနှင့် တိရိစ္ဆာန်မျိုးစိတ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။ ကျေးရွာ၌ ရေပေါ်ရေများ အသင့်အတင့် တွေ့ရှိရသေးသော်လည်း မြေအောက်ရေများ အနည်းငယ်သာ တွေ့ရှိရပါသည်။

## ၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

အင်းပေါခုံတောင်ကျေးရွာတွင် အိမ်ခြေ(၈၉)အိမ်၊ အိမ်ထောင်စု(၁၁၈)စု၊ လူဦးရေပေါင်း (၃၈၄)ဦး ရှိပါသည်။ အိမ်ခြေနှင့် လူဦးရေ အချိုးညီမျှသည်ဟု ယူဆပါသည်။ ကျေးရွာတွင် (၁၄)နှစ်အောက်ကလေး သည်(၆၅)ဦးသာရှိပြီး (၆၅)နှစ်နှင့်အထက် သက်ကြီးရွာအိုများ စုစုပေါင်း (၆၈)ဦးခန့်ရှိပါသည်။ ကျေးရွာရှိ လူဦးရေ၏ (၆၅)ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့် အရွယ်ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ပူးပေါင်းပါဝင်နိုင်မှုအားကောင်းသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် ကျားမဦးရေ ကွာဟမှု အနည်းငယ်ရှိပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

အင်းပေါခုံတောင်ကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် ကျေးရွာရှိ ရာအိမ်မှူး၊ ဆယ်အိမ်မှူးနှင့် လူငယ် ခေါင်းဆောင်၊ ပရဟိတအဖွဲ့တို့မှ ဦးဆောင်၍ ကျေးရွာတွင်းရှိ ကျေးရွာသူ/သားများ၊ အဖွဲ့အစည်း/ ကော်မတီများတို့မှ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု လက်လှမ်းမီသဖြင့် ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများဖြစ်သော UNDP၊ ဟာနာ စသည့် အဖွဲ့အစည်းများမှ

စိုက်ပျိုးမွေးမြူရေး၊ လူမှုဖွံ့ဖြိုးရေးနှင့် ပညာရေးတို့အတွက် ချေးငွေများ၊ ထောက်ပံ့ငွေများ ဝင်ရောက်ဆောင်ရွက်ပေးလျက် ရှိပါသည်။

**၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး ဇယား**

အင်းပေါခုံတောင်ကျေးရွာတွင် စိုက်ပျိုးမြေများကို စပါး၊ ခရမ်းချဉ်သီး စိုက်ပျိုးကြပါသည်။ စပါးကို ဖေဖော်ဝါရီလမှ သြဂုတ်လအထိလည်းကောင်း၊ ခရမ်းချဉ်သီးကို မတ်လမှ ဇူလိုင်လအထိ လည်းကောင်း စိုက်ပျိုးချိန် ဖြစ်ပါသည်။ ယက္ကန်းလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုသည့် အိမ်ထောင်စု အများဆုံးရှိပြီး စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများ အသင့်အတင့်သာ ရှိပါသည်။

စိုက်ပျိုးမြေများသည် ကျေးရွာအနီးပတ်ဝန်းကျင်တွင်သာရှိသဖြင့် နှစ်စဉ်ပြုပြင်၍ စိုက်ပျိုးကြပါသည်။စိုက်ပျိုးမြေအား အသုံးချ၍ရနိုင်သည့် အတိုင်းအတာအထိ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိအိမ်ထောင်စု(၁၃)စုသာ စိုက်ပျိုးမြေအနည်းငယ်စီ ပိုင်ဆိုင်ကြပါသည်။စိုက်ပျိုးမြေ ထပ်မံတိုးချဲ့၍ မရခြင်းနှင့်ယက္ကန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် အိမ်ထောင်စုများခြင်းကြောင့် မြေယာမဲ့များပြားပါသည်။

စိုက်ပျိုးရေရရှိရန် ချောင်းရေကို အဓိကအားထား၍ စိုက်ပျိုးကြပါသည်။ သီးနှံများသည် ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေ မှန်ကန်မှုအပေါ်မူတည်၍ အထွက်နှုန်းကောင်းသည့် နှစ်ရှိသကဲ့သို့ တစ်ခါတစ်ရံဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ပါသည်။

ကျေးရွာတွင် အဆင့်မြင့်စိုက်ပျိုးရေးသုံးစက်ကိရိယာများ မရှိပါ။ တောင်သူများသည် နီးစပ်ရာကျေးရွာရှိ စက်ကိရိယာများငှါးရမ်း၍စိုက်ပျိုးလုပ်ကိုင်ကြပါသည်။စိုက်ပျိုးမြေများတွင် သဘာဝမြေဩဇာများ အသုံးမပြုနိုင်သဖြင့် ဓါတ်မြေဩဇာများကိုသာ အသုံးပြုကြရပါသည်။ ဓါတ်မြေဩဇာများကို နန်းပန်ဈေးနှင့် ညောင်ရွှေဈေး/မြို့တို့တွင် ဝယ်ယူရရှိနိုင်သည်။ ထွက်ကုန်များကို နီးစပ်ရာဈေးတွင်လည်းကောင်း၊ ညောင်ရွှေဈေး/မြို့တွင်လည်းကောင်း ရောင်းချနိုင်သည်။ ဆေးဆိုင်များမှ ရောင်းချသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုသာ အသုံးပြုကြသည်။ ပိုးသတ်ဆေးသုံး၍ မိမိတို့၏ စိုက်ခင်းများကို ကာကွယ်ကြကြောင်း တွေ့ရပါသည်။ အချို့နှစ်တွင် ပိုးအနည်းငယ်ကျရောက်မှုရှိသဖြင့် စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်၍ နည်းပညာတောင်းခံရသည့်နှစ်လည်း ရှိပါသည်။ ယခုနှစ်တွင် ရာသီဥတုမှန်သောကြောင့် သီးနှံအထွက်နှုန်း အသင့်အတင့်ကောင်းပါသည်။ ကျေးရွာရှိ တောင်သူများသည် ငွေကြေးအခက်အခဲဖြစ်ပေါ်ပါက ကျေးရွာတွင်းရှိ ငွေတိုးချေးသူနှင့် ကျေးရွာပြင်ပအဖွဲ့အစည်းများထံတွင် အတိုး(၂%)မှ(၅%)ပေး၍လည်းကောင်း၊ ဆွေမျိုးများထံ၌သာ အချို့အတိုးဖြင့်၊ အချို့အတိုးမဲ့ဖြင့်လည်းကောင်း ချေးငွေ/အထောက်အပံ့များချေးယူ၍ အခက်အခဲများ ဖြေရှင်းကြရပါသည်။ သီးနှံပေါ်ချိန်နှင့် ပြေလည်ချိန်တို့တွင် ပြန်လည်ပေးဆပ်ရပါသည်။ အချို့နှစ်များသည် ဖျက်ပိုးများကျရောက်ခြင်းနှင့် ရာသီဥတုမမှန်ခြင်းတို့ ကြုံရပါက သီးနှံများ ဆုံးရှုံးမှုများဖြစ်ပေါ်သဖြင့် ပေးဆပ်ရန် ခက်ခဲကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် ယက္ကန်းလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြခြင်းကြောင့် မွေးမြူရေးလုပ်ငန်းအား စီးပွားဖြစ် လုပ်ကိုင်သူများ မရှိပါ။ စားကျက်မြေရှားပါးခြင်းနှင့် နည်းပညာလက်လှမ်းမီမှုအားနည်းခြင်းတို့ကြောင့်လည်း ဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် နည်းပညာဝန်ဆောင်မှုများ၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုလည်း အားနည်းပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများဖြစ်သော ယက္ကန်းလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြပြီး လက်လီလက်ကားဈေးသည်နှင့်အလှပြင်/ဝပ်ရှော့၊ ဟိုတယ်လုပ်ငန်းစသည်တို့ကို လုပ်ကိုင်သူအနည်းငယ်ရှိသဖြင့် အခြားဝင်ငွေရလုပ်ငန်းများတိုးတက်ရန်အတွက် သက်/မွေးသင်တန်းများဖြစ်သည့် အဆင့်မြင့်ယက္ကန်းသင်တန်းများ၊ အဆင့်မြင့်အပ်ချုပ်၊ ဝပ်ရှော့၊ အိမ်တွင်းမှုသင်တန်းကဲ့သို့သော သင်တန်းများဖွင့်လှစ်ပေးရန်နှင့် အရင်းအနှီးများ ထူထောင်ပေးရန် လိုအပ်လျက်ရှိပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ချေးငွေများအား ကျေးရွာပြင်ပအဖွဲ့အစည်းများဖြစ်သည့် UNDPနှင့် ဟာနာစသည့်အဖွဲ့များထံတွင်လည်းကောင်း အစိုးရဘဏ်၊ ကျေးရွာရှိ ငွေတိုးချေးသူများထံတွင်လည်းကောင်း၊ ဆွေမျိုးများထံတွင်လည်းကောင်း ချေးငွေများ ရယူကြပါသည်။ အဆင်မပြေသောမိသားစုများသည် ငွေကြေးအခက်အခဲများဖြစ်ပေါ်ပါက မိတ်ဆွေ၊ ဆွေမျိုးများထံ၌သာ ပမာဏအနည်းငယ် ချေးယူ၍ အခက်အခဲကို ဖြေရှင်းကြရပါသည်။ ငွေကြေးနှင့် ပတ်သက်၍ အမျိုးသား၊ အမျိုးသမီးများအားလုံး လက်လှမ်းမီမှု ရှိပါသည်။

**၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျွန်ုပ်တို့ကျေးရွာတွင် လှေ၊ စက်လှေအများဆုံးပိုင်ဆိုင်ပြီး ဆိုင်ကယ်အနည်းငယ် ပိုင်ဆိုင်ပါသည်။ ကျေးရွာသည် ရေပေါ်ရွာဖြစ်သဖြင့် အဓိကသယ်ယူပို့ဆောင်ရေးသည် နန်းပန်ကျေးရွာအထိအား ရေလမ်းအသုံးပြု၍ စက်လှေများဖြင့်လည်းကောင်း၊ နန်းပန်ကျေးရွာမှ ညောင်ရွှေမြို့ထိနှင့်နီးစပ်ရာကျေးရွာဈေးအထိအား ကတ္တရာလမ်းအသုံးပြု၍ ကား၊ ဆိုင်ကယ်ဖြင့်လည်းကောင်း သွားလာဆက်သွယ်ကြပါသည်။ကျေးရွာချင်းဆက်လမ်းများသည် ရေလမ်းများဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေးအနည်းငယ်ခက်ခဲသောကျေးရွာ ဖြစ်ပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် မဟာဓါတ်အားလိုင်းရောက်ရှိသဖြင့် အိမ်ထောင်စု(၁၁၈)စုလုံးသည် လျှပ်စစ်မီးအသုံးပြုကြပါသည်။ မီးနှင့်ပတ်သက်၍ ပျက်စီးပါက ပြုပြင်ရန်အခက်အခဲ မရှိပါ။ (၂၄) နာရီမီးလင်းသောကျေးရွာဖြစ်သဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ဆက်သွယ်ရေးမှာ ညောင်ရွှေမြို့နှင့်အလှမ်းဝေးသော်လည်း ဖုန်းဆက်သွယ်ရေးလိုင်းကောင်းမွန်သဖြင့် သတင်းနှင့် ဆက်သွယ်ရေးကဏ္ဍတွင် လက်လှမ်းမီးမှုရှိပါသည်။ သတင်းနှင့်ဆက်သွယ်ရေး ကဏ္ဍ

တွင် အချိန်နှင့်တပြေးညီရရှိနိုင်သဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပြု ပါသည်။ ကျေးရွာတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ သတင်းအချက်အလက်များ လက်လှမ်းမီမှု ရှိပါသည်။

## ၇။ ပညာရေး

ကျေးရွာလူဦးရေ စုစုပေါင်း(၃၈၄)ဦးတွင် တက္ကသိုလ်တက်ရောက်ဆဲနှင့် တက္ကသိုလ်အဆင့်ပြီးသူ(၆၉)ဦးခန့်ရှိသဖြင့် ပညာရေးအားကောင်းခြင်းကို ဖော်ပြလျက်ရှိပါသည်။ကျေးရွာတွင် မူလတန်းကျောင်းရှိသဖြင့် မူလတန်းကျောင်းထွက် အနည်းငယ်သာရှိပြီး တက္ကသိုလ်အဆင့်ပြီးသူနှင့် ဝန်ထမ်းများ အသင့်အတင့်ရှိပါသည်။ တက္ကသိုလ်ကို နီးစပ်ရာ မြို့တို့တွင် သွားရောက်ပညာသင်ကြားကြရပါသည်။ ပညာရေးဦးစားပေးသော ကျောင်းသားမိဘများ အများစုရှိသဖြင့် မိမိတို့၏ သား/သမီးများကို နီးစပ်ရာမြို့တို့တွင် တတ်နိုင်သမျှထောက်ပံ့၍ ဆက်လက်ပညာသင်ကြား စေပါသည်။ ထို့ကြောင့် တက္ကသိုလ်အဆင့်ပြီးများရခြင်း ဖြစ်ပါသည်။

## ၈။ ကျန်းမာရေး

ကျန်းမာရေးအသိပညာဗဟုသုတအသင့်အတင့်ရှိသဖြင့် လက်ရှိကျေးရွာတွင် တီဘီ၊ သွေးတိုးနှင့် ကိုဗစ်-၁၉ရောဂါ အနည်းငယ်သာဖြစ်ပွားမှုရှိပြီး အခြားရောဂါများ ဖြစ်ပွားမှုမရှိပါ။ ကျန်းမာရေးဌာနမရှိသဖြင့် နီးစပ်ရာကျေးရွာရှိ ဆေးရုံ/ ဆေးခန်းတွင် သွားရောက်ဆေးကုသရပါသည်။ ဆေးရုံ/ ဆေးခန်းနှင့် အလှမ်းမဝေးသဖြင့် ဆေးဝါးကုသမှု လက်လှမ်းမီမှု ရှိပါသည်။ လွန်ခဲ့သော(၁၂)လအတွင်း ကျေးရွာ၌ ကျန်းမာရေးဌာနမှ ကိုဗစ်ရောဂါ စုပေါင်းကာကွယ်ဆေးများ ရောက်ထိုးနှံပေးလျက်ရှိပြီး အခြားကာကွယ်ဆေးများ လာရောက်ထိုးနှံပေးခြင်း မရှိပါ။

## ၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၌ ဓါတုဓါတ်မြေဩဇာကို အသုံးပြု၍ စိုက်ပျိုးကြရပါသဖြင့် မြေဆီဩဇာများ ပျက်စီးယိုယွင်းလာခြင်း၊ လူဦးရေတိုးပွားလာသဖြင့် အပင်မျိုးစိတ်များနှင့် ငါးမျိုးစိတ်များ ရှားပါးလာခြင်းစသည့် ဘေးအန္တရာယ်များ ကြုံတွေ့လာရပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုအနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ် ကျင့်သုံးခြင်း အားကောင်းခြင်းနှင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ အန္တရာယ်ကြုံတွေ့ဖွယ် မရှိပါ။

## ၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အမျိုးသမီးများသည် စီမံအုပ်ချုပ်ရေးစနစ်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုတို့အပြင် အခြားကဏ္ဍနှင့်အဖွဲ့အစည်းအသီးသီးတွင် အမျိုးသားများနှင့်တန်းတူ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများနှင့် အမျိုးသားများ၏ နေ့စားလုပ်အားခရရှိမှုသည် အနည်းငယ်သာ ကွာဟမှုရှိသော်လည်း သတင်းအချက်အလက်နှင့် ငွေကြေးလက်လှမ်းမီမှုတို့တွင် အမျိုးသားနှင့်တန်းတူ အခွင့်အလမ်းရရှိပါသည်။ ကျေးရွာရှိ အမျိုးသမီးများသည် အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာ အသိအမြင်များ အသင့်အတင့်ရှိပါသည်။

## ၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် ဘာသာရေးပွဲအပြင် အခြားပျော်ပွဲရွှင်ပွဲများကျင်းပပေးခြင်း ရှိပါသည်။ ကျေးရွာသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူငယ်(ကျား/မ)တက်ကြွစွာပါဝင် လုပ်ဆောင်ကြပါသည်။ ကျေးရွာ၌ လူငယ်အတွက် အားကစားကွင်းနှင့် အထောက်အကူပြုပစ္စည်းများမရှိခြင်းကြောင့် လူငယ်များသည် အခြားအားကစား နှင့် ကျန်းမာရေးလိုက်စားမှု အားနည်းလျက် ရှိပါသည်။

## ၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျှော့ချရေးအတွက် အစီအမံများနှင့် အဖွဲ့များဖွဲ့စည်းထား ခြင်း မရှိပါ။ ရဲဘက်ဆိုင်ရာမှ အသိပညာပေးဟောပြောပွဲများကဲ့သို့ ဝန်ဆောင်မှုများနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဝန်ဆောင်မှုများ ရရှိပါသည်။ ကျေးရွာသည် တရားဥပဒေစိုးမိုး၍ စည်းလုံး ညီညွတ်သောကျေးရွာဖြစ်သဖြင့် မူးယစ်သုံးစွဲခြင်းကြောင့် မှုခင်းဖြစ်ပွားမှုအနည်းငယ်သာရှိပြီး အခြား အကြောင်းအမျိုးမျိုးကြောင့် မှုခင်းဖြစ်ပွားမှုများ မရှိပါ။

**၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**

| စဉ် | စီမံချက် ( Project ) | ဦးစားပေး အဆင့် | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ | ၂၀၂၇-၂၀၂၈ | ၂၀၂၈-၂၀၂၉ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာအဝင် ရေခြံစည်းရိုးကာရံခြင်း | ၁ | ✓ | | | | |
| ၂ | ရေပိုက်/သောက်သုံးရေဆောင်ရွက်ခြင်း | ၂ | | ✓ | | | |
| ၃ | အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ခြင်း(အပ်ချုပ်၊အဆင့်မြင့်ယက္ကန်း) | ၃ | | | ✓ | | |
| ၄ | ရွာတွင်းတံတားပြုပြင်ခြင်း | ၄ | | | | ✓ | |
| ၅ | ဆေးပေးခန်းတည်ဆောက်ခြင်းနှင့် သူနာပြုများဖြည့်ခြင်း | ၅ | | | | | ✓ |
| ၆ | ဓမ္မာရုံတည်ဆောက်ခြင်း | ၆ | | ✓ | | | |
| ၇ | မူကြိုကျောင်းခြံစည်းရိုးကာရံခြင်း | ၇ | | | ✓ | | |
| ၈ | ပညာရေးဝန်ထမ်းအင်အားတိုးမြှင့်ခန့်ထားပေးခြင်း | ၈ | | | | ✓ | |
| ၉ | စိုက်ပျိုးရေး၊ မွေးမြူရေး မျိုးကောင်းမျိုးသန့်များထောက်ပံ့ပေးခြင်း၊ သင်တန်းဖွင့်လှစ်ပေးခြင်း | ၉ | | | | | ✓ |
| ၁၀ | ခန်းမဆောင်တည်ဆောက်ခြင်း | ၁၀ | | | | ✓ | |
| ၁၁ | အားကစားကွင်းဆောင်ရွက်ပေးခြင်း | ၁၁ | | | | | ✓ |

**အပိုင်း (ခ)**

**စီမံချက်ဆိုင်ရာ အချက်အလက်များ**

**စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ ( Project Profile )**

| | |
|---|---|
| ကျေးရွာ - အင်းပေါခုံတောင်ကျေးရွာ<br>ကျေးရွာအုပ်စု - အင်းပေါခုံကျေးရွာအုပ်စု<br>မြို့နယ် - ညောင်ရွှေမြို့နယ်<br>တိုင်း/ပြည်နယ် - ရှမ်းပြည်နယ်(တောင်ပိုင်း) | |
| **စီမံချက်အမည်** **-** ကျေးရွာအဝင် ရေခြံစည်းရိုးကာရံခြင်း(၃၇၆'x ၅') | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>အင်းပေါခုံတောင်ကျေးရွာအဝင်ရှိ ရေချောင်းမှ အမှိုက်၊ ဒိုက်၊ ဗေဒါများသည် ကျေးရွာအတွင်းသို့ ဝင်ရောက်လာသည့်အတွက် ကျေးရွာအတွင်းရှိ ရေလမ်းကြောင်းများတွင် ညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ကျေးရွာအဝင်ရေခြံစည်းရိုးကာရံခြင်း လုပ်ငန်းအား ဆောင်ရွက်ရန်လိုအပ်ရခြင်း ဖြစ်ပါသည်။ | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>ရွာအဝင်ရေလယ်လမ်းမကြီးအား ခြံစည်းရိုးကာရံခြင်းအားဖြင့် စက်လှေများ အန္တရာယ်ကင်းစွာဖြင့် မောင်းနှင်သွားလာနိုင်ပြီး ရေလယ်လမ်းမကြီးသည်လည်း သန့်ရှင်း သပ်ရပ်လှပနိုင်စေရန် ရည်ရွယ်ပါသည်။ | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ )**<br>ရွာအဝင်ရေလယ်လမ်းမကြီးအား ခြံစည်းရိုးကာရံခြင်းဖြင့် ဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရိအပူဇော်ခံရာတွင် ကျွန်းမျှောနှင့်ဗေဒါအမှိုက်များ ပိတ်ဆို့မှုမရှိဘဲ အဆင်ပြေချောမွေ့စွာဖြင့် ပင့်ဆောင်ပူးဇော်နိုင်မည်ဖြစ်ပါသည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည် )**<br>ကျေးရွာအဝင်ရေခြံစည်းရိုးကာရံခြင်း လုပ်ငန်းအား ခန့်မှန်း ကုန်ကျငွေကျပ် (၁၅၀၀၀၀၀၀ိ/)ဖြင့် ဆောင်ရွက်သွားပါမည်။ | |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |

| | |
|---|---|
| • ၁၅၀၀၀၀၀၀ိ/-(ငွေသား)<br>• (ငွေသား)<br>• /- (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| ကျေးရွာအဆင့် | ၁၇၃ | ၂၁၁ | ၃၈၄ | ၃ | ၄၄ | ၃၇ | ၃၄ | ၁၁၈ |
| အကျိုးခံစားမည့်သူ ဦးရေ | ၁၇၃ | ၂၁၁ | ၃၈၄ | - | - | - | - | - |
| မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း ( များ )**

- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
- ကျေးရွာလူထု
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း** - (၁၅.၂.၂၀၂၆)

**(၃) စီမံချက် ပြီးစီးမည့် အချိန်** - (၂၈.၂.၂၀၂၆ )

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

ကျေးရွာသူ/သားများ လုပ်အားပေးရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီမှ ကျေးရွာအတွင်း အသံချဲ့စက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများမှ အပိုင်းလိုက် နှိုးဆော်၍လည်းကောင်း ဆောင်ရွက်သွားပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးတို့ကို ဆောင်ရွက်သွား မည်ဖြစ်ပြီး ကျေးရွာအဝင်ရေခြံစည်းရိုးကာရံခြင်း လုပ်ငန်း ရေရှည်တည်တံ့ရေးနှင့် ပြုပြင် ထိန်းသိမ်းရန်အတွက် သက်ဆိုင်ရာ လမ်းကော်မတီသို့ လုပ်ငန်းလွှဲပြောင်းပေးသွားမည် ဖြစ်ပါ

သည်။

နောက်ဆက်တွဲ (၁)

## အင်းပေါါခုံကျေးရွာ၊ အင်းပေါါခုံတောင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မွေးသက္ကရာဇ် (အသက်) | မှတ်ပုံတင်အမှတ် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးမင်းဇော် | ဦးတင်ညွှန့် | ၅၉ | ၁၃/ညရန(နိုင်)၀၁၁၉၆၁ | ဥက္ကဋ္ဌ | ၀၉-၄၂၈၃၇၀၉၉၁ | √ |
| ၂ | ဦးအောင်စိုးဝင်း | ဦးစိုးညွှန့် | ၅၆ | ၁၃/ညရန(နိုင်)၁၂၂၃၈၄ | အဖွဲ့ဝင် | ၀၉-၆၇၃၀၄၇၅၄၃ | √ |
| ၃ | ဒေါ်မျိုးသန္တာအောင် | ဦးတင်စိုးဝင်း | ၂၈ | ၁၃/ညရန(နိုင်)၁၄၄၇၁၆ | အဖွဲ့ဝင် | ၀၉-၇၉၁၆၀၆၉၉၅ | √ |
| ၄ | ဦးဇော်မင်းလက် | ဦးကျော်သန်းဝေ | ၄၅ | ၁၃/ညရန(နိုင်)၁၈၁၉၂၆ | အဖွဲ့ဝင် | ၀၉-၇၈၁၉၀၀၇၈၉ | |
| ၅ | ဒေါ်မြတ်ဖြိုးခိုင် | ဦးမြင့်သိန်း | ၃၃ | ၁၃/ညရန(နိုင်)၀၉၇၀၄၇ | အဖွဲ့ဝင် | ၀၉-၄၂၈၃၇၀၉၇၃ | |
| ၆ | ဒေါ်နီလာဝင်း | ဦးသာထီ | ၃၆ | ၁၃/ညရန(နိုင်)၀၉၇၀၁၀ | အဖွဲ့ဝင် | ၀၉-၄၅၄၈၁၆၄၄၆ | |
| ၇ | ဦးအောင်သူ | ဦးတိုးအောင် | ၅၄ | ၁၃/ညရန(နိုင်)၀၈၆၈၃၅ | အတွင်းရေးမှူး | ၀၉-၉၆၀၅၇၇၆၉၅ | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | | ၁ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၈ | ၆ | ၁၄ | ၁ | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၀ | ၉ | ၁၉ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၅ | ၁၆ | ၃၁ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၁၆ | ၁၃၅ | ၂၅၁ | - | ၁ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၃ | ၄၅ | ၆၈ | - | - |
| စုစုပေါင်း | | ၁၇၃ | ၂၁၁ | ၃၈၄ | ၁ | ၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၁၈ | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။အင်းပေါ်ခုံတောင်ကျေးရွာရှိ လူဦးရေများအနက်မှ အလုပ်လုပ်နိုင်သည့် လူဦးရေများပြားသောကြောင့် ကျေးရွာတွင်လိုအပ်သော ကိစ္စအဝဝကို ပူးပေါင်းဆောင်ရွက်မှုအားကောင်းသည်ကို တွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| ၁ | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၆ | ၃ | ၁ | ၂ | ၅ | မြင့် ☐ လတ်☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၁ | - | ၁ | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | | | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | ၂ | - | ၂ | ၅ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၈ | ၃၄ | ၁၇ | ၄ | ၁၄ | ၁၂ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | ၁ | ၁ | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☑ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၅ | ၁၅ | ၂ | ၂ | - | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | ၁ | | ၁ | ၂ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | - | - | - | ၂ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၂ | ၁ | ၂ | | ၁ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | | | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၇ | ၆ | | ၆ | ၄ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | ၂ | | ၂ | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၄၁ | ၄၄ | ၄ | | ၈ | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၁ | | ၁ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၁၈ | ၁၂၆ | ၃၉ | ၇ | ၃၆ | ၃၆ | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။အင်းပေါ်ခုံတောင်ကျေးရွာတွင် ယက္ကန်းလုပ်ငန်းကိုသာ အဓိက အသက်မွေးဝမ်းကျောင်း ပြုကြပြီး စိုက်ပျိုးရေးလုပ်ငန်း၊ ကျပန်းနှင့် အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူ အသင့်အတင့် ရှိပါသည်။ လုပ်သား အင်အား အသင့်အတင့်ရရှိနိုင်ပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သစ်တောထွက်ပစ္စည်း ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၇၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | - | ၇၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

**လေ့လာတွေ့ရှိချက်။** ။ အင်းပေါ်ခုံတောင်ကျေးရွာတွင် ကျား-မ လုပ်အားခရရှိမှု အနည်းငယ်ကွာဟမှု ရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၁၃ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| **ယာမြေ / တောင်ယာမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၃ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ**(ကျွန်းမျှော) | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၆** | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။အင်းပေါ်ခုံတောင်ကျေးရွာတွင် လယ်မြေ(၁၃)ဧက၊ ဥယျာဉ်ခြံမြေ(၃)ဧက စုစုပေါင်း စုစုပေါင်းစိုက်ပျိုးမြေဧက(၁၆)ဧကသာရှိပါသည်။ မြေယာများတိုးချဲ့၍မရသဖြင့် စိုက်ပျိုးမြေနည်းပါးရခြင်း ဖြစ်ပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခဲတင်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☐ နည်း ☐မရှိ ☑ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☐မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☐မရှိ ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော - အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော - ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။အင်းပေါ်ခုံတောင်ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင် ဘီလူးချောင်းရှိသဖြင့် ရေပေါ်ရေ အသင့်အတင့်တွေ့ရှိနိုင်ပြီး ချောင်းရေများသည် အသုံးချရန်လွယ်ကူသော်လည်း သောက်သုံးရန်အတွက် မြေအောက်ရေများ အနည်းငယ်သာတွေ့ရှိရပြီး အသုံးချရန် ခက်ခဲပါသည်။ အခြားဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသောအိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သောအိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | အလွန်နည်း (သို့) မရှိ |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့်** | **ညံ့** | **အလွန်ညံ့** |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု ကောင်း | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလု ပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃ | ၆၄ | ၃၇ | ၃၄ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။အင်းပေါ်ခုံတောင်ကျေးရွာရှိ အိမ်ထောင်စုများအား ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အများစုသည် အလယ်အလတ်ရှိသောအိမ်ထောင်စုဖြစ်ကြပြီး မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းပိုင်ဆိုင်သူဦးရေနည်းပါး၍ လုပ်သားလုပ်ကိုင်သူဦးရေများပြားသဖြင့် ကျပန်းဦးရေများရခြင်း ဖြစ်ပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအ ရေအတွက် | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စုအ ရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအ လိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | ၂၁ | ၉ | အခြားအစာပြောင်းလဲစား = ဝ<br>အစာလျှော့စား = ဝ<br>အထောက်အပံ့ယူ = ၁၁<br>ချေးယူ = ၁ဝ<br>လုပ်အားခကြိုယူ = ဝ |
| ၃လနှင့်၆လကြားဝ မ်းစာဖူလုံမှု | - | - | အခြားအစာပြောင်းလဲစား = ဝ<br>အစာလျှော့စား = ဝ<br>အထောက်အပံ့ယူ = ဝ<br>ချေးယူ = ဝ<br>လုပ်အားခကြိုယူ =ဝ |
| ၆လမှ၁၂လအထိဝ မ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ဝ<br>အစာလျှော့စား = ဝ<br>အထောက်အပံ့ယူ = ဝ<br>ချေးယူ = ဝ<br>လုပ်အားခကြိုယူ = ဝ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။အင်းပေါ်ခုံတောင်ကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)နှင့်(၄)၏(၃၀%)ဖြစ်သော အိမ်ထောင်စု (၂၁)စုအား ဝမ်းစာဖူလုံမှုအခြေအနေ စစ်တမ်းကောက်ယူရာတွင် (၂၁)စုလုံးသည် (၃)လအောက်သာ ဝမ်းစာဖူလုံသည့် အိမ်ထောင်စုများဖြစ်ကြပြီး အခက်အခဲများကို အချို့သည် ဆွေမျိုးများထံတွင် အထောက်အပံ့ယူခြင်းနှင့် အချို့သည် ဆွေမျိုးများထံတွင် ငွေကြေးချေးယူခြင်းဖြင့် ဖြေရှင်းကြကြောင်း တွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | - | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။အင်းပေါ်ခုံတောင်ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများဖြစ်သည့် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ်နှင့်အထက်နှင့် ဆင်းရဲသောအမျိုးသမီး/မုဆိုးဖို ဦးဆောင်သော မရှိကြောင်း တွေ့ရှိရပါသည်။

**(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | ✓ | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | လျှော | ✓ | | | ✓ | | |
| ၈ | အပူလှိုင်း | | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | ✓ | | | ✓ | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ ) | | |
|---|---|---|---|---|---|---|---|
| ၁၂ | မိုးခေါင်ခြင်း | | | | | | |
